

ကရင်လူ့မှုရေးရာအဖွဲ့
ဒူးပလာယ်ခရိုင်

**မူတြော်ခရိုင် ဒွယ်လိုးမြို့နယ် ပိုလိုးထာရွာသူ နော်မူနော် အား မြန်မာအစိုးရတပ်မတော်စကခ(၈)လက်အောက်ခံ တပ်ရင်း (ခမရ-၄၀၉)တပ်ဖွဲ့ဝင်၏ အကြမ်းဖက် လုယက် သတ်ဖြတ်မှုအပေါ် ၂၂/၇/၂၀၂၀ ရက်နေ့ တွေ့ဆုံဆွေးနွေးပြီး ဒူးပလာယ်ခရိုင် လူမှုရေးရာ အဖွဲ့မှ သဘောထားထုတ်ပြန်ချက်**

နေ့ရက်-၂၀၂၀ခုနှစ်ဇူလိုင်လ၂၂ရက်

၁။KNU ဒူးပလာယ်ခရိုင်မှလူမှုရေးရာအဖွဲ့သည် KNUဗဟို၏ချမှတ်ထားသောမူဝါဒများကိုလက်ခံပြီး KNU ဒူးပလာယ်ခရိုင်၏ လမ်းညွှန်မှုအတိုင်း ရပ်တည်သည့် လူမှုရေးရာအဖွဲ့ဖြစ်ပြီး ဒေသတွင်းငြိမ်းချမ်းရေး လူမှုရေးရာကိစ္စများအပေါ် တာဝန်ရှိသည့် အားလျော်စွာ KNU မူတြော်ခရိုင် ဒွယ်လိုးမြို့နယ် ပိုးလိုးထာရွာ တွင်ဖြစ်ပွားခဲ့သော ဌာနေတိုင်းရင်းသားအပေါ်ဆိုးရွားစွာလူ့အခွင့်အရေး ချိုးဖောက်မှုများအပေါ် KNUဒူးပလာယ်ခရိုင် အတွင်းရှိ ပြည်သူလူထုများမှ အောက်ပါအတိုင်း သဘောထားထုတ်ပြန်အပ်ပါသည်။

၂။၂၀၂၀ခုနှစ်ဇူလိုင်(၁၆)ရက်နေ့တွင် မြန်မာအစိုးရတပ်မတော် စကခ(၈)လက်အောက်ခံတပ်ရင်း (ခမရ-၄၀၉) မှအပြစ်မဲ့ တိုင်းရင်းသား ပြည်သူ များကို သတ်ဖြတ်ခြင်းအပေါ် ဒူးပလာယ်ခရိုင်ပြည်သူများအနေဖြင့် မြန်မာအစိုးရတပ်မတော်မှ NCA ပါသဘောတူညီချက် များကိုပေါ်လွင်စွာ ချိုးဖောက်နေသည်ကိုတွေ့မြင်နေရသည်။ထို့ကြောင့် မြန်မာအစိုးရတပ်မတော်မှ တိုင်းရင်းသားဒေသများအတွင်း ထိုးစစ်ဆင်ခြင်းများကို ရပ်တန့်ပြီး NCA သဘောတူညီချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပေသည်။ထိုကဲ့သို့ ယခု လို တိုင်းရင်းသားများ၏ဒေသအတွင်း ထိုးစစ်ဆင်ခြင်းများ၊ အခမ္မနေရပ်စွန့်ခွာစေခြင်း၊ ရွှေ့ပြောင်းစေခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း သတ်ဖြတ်ခြင်းများကို ယခင်ကအစဉ် အဆက်မပြတ် လုပ်ဆောင်နေသည်များကို တွေ့မြင်နေရကြုံခဲ့ရပါသည်။ထို့ကြောင့် ၂၀၁၂ခုနှစ် KNUကရင်အမျိုးသားအစည်းအရုံး နှင့် မြန်မာ့အစိုးရတို့ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပြီး သဘောတူသည့်အချက်ရှိခဲ့သည့်အပြင် ၂၀၁၅ ခုနှစ် တွင် NCAတစ်နိုင်ငံလုံး ပစ်ခတ် တိုက် ခိုက်မှုရပ်စဲရေး သ ဘောစာချုပ်ကိုချုပ်ဆိုခဲ့သည်။NCAတစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ပါ သဘော တူညီချက်များကို အကောင်အထည်မဖော်ဘဲ မြန်မာအစိုးရတပ်မတော်မှ ဤသို့လုပ်ဆောင်ရာတွင် လူ့ အခွင့်အရေး ချိုး ဖောက်မှုများကိုပြုလုပ် နေသည် သာမက NCA တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် များကိုလဲ ထင် ထင်ပေါ် ပေါ်ချိုးဖောက်နေသည် ကို တွေ့ရသည်။ဤသို့တွေ့မြင်နေရသဖြင့် ဒူးပလာယ်ခရိုင် ပြည်သူများအနေဖြင့် ပိုဤစိုးရိမ် နေပါသောကြောင့်မြန်မာအစိုးရ အနေဖြင့် တိုင်းရင်းသားများအပေါ် စိတ်ရင်းစေတနာ မှန်ကန်စွာငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကိုပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ပါသည်။

၃။ထိုဖြစ်စဉ်နှင့်ပတ်သက်၍အပစ်ခတ်ရပ်စဲရန်သဘောတူညီချက်များကိုချိုးဖောက်ခြင်းအကောင်အထည်မဖော်ဘဲ ဆက်လက်ကျူးလွန်နေခြင်း ဌာနေတိုင်းရင်းသားပြည်သူလူထုများ၏ လူမှုဘဝ လုံခြုံ မှုကို ထိခိုက်သောကြောင့် တိုင်းရင်းသားဒေသအတွင်း ထိုးစစ်ဆင်ခြင်းများတပ်လှုပ်ရှားခြင်းများကိုရပ်ဆိုင်းပြီး ရေ ရှည်တည်တံ့ခိုင်မြဲ သည့်ငြိမ်းချမ်းရေးရရှိရန်အတွက် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများ နှင့်ပြည်သူများ စိုးရိမ်မှုကင်းမဲ့ သောနေထိုင်မှုဘဝတည်ဆောက်နိုင်ရန်အတွက် NCA ပါ သဘောတူညီချက်ကတိကဝတ် အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်နှင့်ထိုကဲ့သို့လူ့အခွင့်အရေးချိုးဖောက်မှုလုပ်ရပ်များအားလက်မခံနိုင်သောကြောင့်သဘောထားထုတ်ပြန်အပ်ပါသည်။

ဆက်သွယ်ရန်
Phone-09254329025
Phone-09409157080

ကရင်လူ့မှုရေးရာအဖွဲ့
ဒူးပလာယ်ခရိုင်